Message Two

ထာဝရအသက် - ဘုရားဆိုင်ရာသဘောသဘာဝနှင့်အတူ ဘုရားသခင်၏အသက်၊ သုံးပါးတစ်ပါးဘုရားသည် သမ္မာကျမ်းစာ၏ တည်ဆောက်ပုံဖြစ်ခြင်းနှင့် ပုန်ထားတော်မူသော ဘုရားသခင်၊ ကိုယ်ကိုထင်ရှားစွာပြတော်မမူသော ဘုရားသခင်

ဖတ်ရန်ကျမ်း။ ။ ယော၊၄း၂၄။ ၂ပေ၊၁း၁၊ ၄-၁၁။ ၁ယော၊၁း၅။ ၄း၈၊ ၁၆။ လု၊၁၈း၁-၁၈

I. ဘုရားဆိုင်ရာအသက်ကို ဘုရားသခင်၏ ပထမဆုံးသော၊ အခြေခံကျသော ဂုဏ်အင်္ဂါတော်အဖြစ် မှတ်ယူနိုင်သည်။

A. ဘုရားသခင်၏အသက်သည် တုန်ရှိုင်းရာမဲ့အသက်ဖြစ်သည်။

B. ဧဖက် ၄း၁၈ သည် ဘုရားသခင်၏အသက်အကြောင်းကို ပြောဆိုသည့် တုန်ရှိုင်းရာမဲ့ကျမ်းပိုဒ်ဖြစ်သည်။ "ထိုသူတို့သည် သူတို့၏ နားလည်နိုင်သောဉာဏ်၌ မှောင်မိုက်ဖြစ်၍၊ စိတ်နှလုံးခိုင်မာပြီး၊ အလျှင်း မသိသောကြောင့်၊ ဘုရားသခင်၏ အသက်မှ ကွာရှင်းလျက် ရှိကြ၏။"

C. စကြဝဠာတစ်ခုလုံး၌ ဘုရားသခင်၏အသက်တော်သာလျှင် အသက်အဖြစ် ရေတွက်နိုင်သည် - ၁ယော၊၅း၁၂။

D. ဘုရားသခင်၏အမြင်၌ ကိုယ်တော်၏အသက်သာလျှင် အသက်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏အသက်ကို ဓမ္မသစ်ကျမ်း၌ ဖော်ပြသောအခါ၊ ၎င်းကို တုန်ရှိုင်းရာမဲ့အသက်အဖြစ် မှတ်ယူဖော်ပြခြင်း ဖြစ်သည် - ယော၊၁း၄။ ၁၀း၁၀။ ၁၁း၂၅။ ၁၄း၆။

E. ဘုရားသခင်၏အသက်သည် ဖန်ဆင်းမခံရသော၊ အစမရှိ သို့မဟုတ် အဆုံးမရှိ၊ မိမိအလိုအလျောက် တည်ရှိသော၊ အမြဲတည်ရှိသော၊ မပြောင်းမလဲဖြစ်တည်သောအသက် ဖြစ်သည်။

F. ထာဝရဖြစ်ခြင်း ရှုထောင့်မှကြည့်လျှင် ဘုရားသခင်၏အသက်သာလျှင် အသက်ဖြစ်သည်။

II. ထာဝရအသက်သည် ဘုရားသဘောသဘာဝနှင့်အတူရှိသည့် ဘုရားသခင်၏အသက်ဖြစ်သည်။

A. ထာဝရအသက်၊ ဘုရားသခင်၏အသက်။

1. ဤခေတ်၌ ထာဝရအသက်ကို ရရှိပိုင်ဆိုင်ခြင်း။

a. ထာဝရအသက်သည် ဘုရားသခင်၏အသက်ဖြစ်သည် - ၁ယော၊၁း၁-၂။

b. ထာဝရအသက်သည် သခင်ယေရှု၌ ရှိသည် - ၅း၁၁-၁၂။ ယော၊၁း၄။

c. ထာဝရအသက်သည် ဘုရားသခင်က အခမဲ့ပေးထားခြင်းဖြစ်သည် - ရော၊၆း၂၃။ ၁ယော၊၅း၁၁။

d. ထာဝရအသက်သည် ယုံကြည်လက်ခံသည့်အချိန်၌ ရရှိပိုင်ဆိုင်ရခြင်းဖြစ်သည် - ယော၊၃း၁၆၊ ၃၆။ ၅း၂၄။

e. ထာဝရအသက်သည် မျက်မှောက်ခေတ်၌ သိရှိရခြင်းဖြစ်သည် - ၁ယော၊၅း၁၃။

f. ထာဝရအသက်ကို ရရှိ၍၊ ပျက်စီးခြင်းသို့ မရောက်ရတော့ပါ - ယော၊၁၀း၂၈-၂၉။

2. လာမည့်ခေတ်၌ ထာဝရအသက်ကို ရရှိပိုင်ဆိုင်ခြင်း။

a. "အကြင်သူသည် ငါ့ကြောင့်လည်းကောင်း၊ ဧဝံဂေလိတရားကြောင့်လည်းကောင်း . . . တည်းဟူသော တစ်ပါးပါးကို စွန့်၏၊ ထိုသူသည် ယခုကာလ၌. . . အဆတစ်ရာသော အကျိုးတည်းဟူသော . . နောင်လာမည့် ခေတ်၌ ထာဝရအသက်ကိုလည်းကောင်း ခံရလတံ့"- မာ၊၁၀း၂၉-၃၀။

b. "သေသည့်တိုင်အောင် သစ္စာစောင့်လော့။ သို့ဖြစ်လျှင် အသက်သရဖူကို ငါပေးမည်" - ဗျာ၊၂း၁၀။

c. "အကြင်သူသည် အောင်မြင်၏။ ထိုသူသည် ဘုရားသခင်၏ ပရဒိသုဘုံ၌ရှိသော အသက်ပင်ကို စားစေခြင်းငှာ ငါ အခွင့်ပေးမည်" - အင၊ဃ၊ ၇။

3. ထာဝရကာလ၌ ထာဝရအသက်ကို မွေ့လျော်ဝမ်းမြောက်ခြင်း။

a. "ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်အထဲသို့ ထွက်သော စမ်းရေတွင်း ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏"— ယော၊ ၄း၁၄။

b. “ရေငတ်သောသူအား အသက်စမ်းရေကို အဖိုးမယူဘဲ ငါပေးမည်” - ဗျာ၊ ၂၁း၆။

c. “ထိုသူတို့သည် အသက်ပင်နှင့် ဆိုင်၍” - ၂၂း၁၄။

B. ဘုရားဆိုင်ရာ အသက်နှင့်အတူရှိသော ဘုရားသခင်၏အသက်။

1. အဖိုးထိုက်သော ယုံကြည်ခြင်းကို အညီအမျှ ရရှိထားကြသူများဖြစ်သည့်အားလျောက်စွာ၊ ခရစ်တော်၌ ယုံကြည်သူများဖြစ်ကြသော ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာ သဘောသဘာဝကို ပါဝင်ဆက်ဆံခွင့်ရသူများ ဖြစ်သင့်သည် - ၂ပေ၊ ၁း၄။

a. *ဘုရားဆိုင်ရာသဘောသဘာဝ* သည် ဘုရားသခင်ဖြစ်သောအရာကို ရည်ညွှန်းသည်၊ ယင်းမှာ ဘုရားဖြစ်ခြင်း၏ ကြွယ်ဝခြင်းများ၊ ဒြပ်သဘာဝများ၊ ပါဝင်ဖွဲ့စည်းမှုများကို ရည်ညွှန်းသည် - ယော၊၄း၂၄။ ၁ယော၊၁း၅။ ၄း၈၊ ၁၆။

b. ဘုရားဆိုင်ရာ အသက်နှင့် ဘုရားဆိုင်ရာ ဒြပ်သဘာဝတို့သည် ခွဲခြား၍ မရနိုင်ပါ။ ဘုရားဆိုင်ရာ သဘောသဘာဝသည် ဘုရားဆိုင်ရာအသက်၏ အနှစ်သာရ ဖြစ်ပြီး၊ ထိုဘုရားဆိုင်ရာ အသက်၏အတွင်း၌ တည်ရှိသည် - ၁း၁-၂။ ၅း၁၁-၁၃။

2. ကျွန်ုပ်တို့သည် ထာဝရနိုင်ငံတော်အထဲသို့ ကြွယ်ဝစွာ ဝင်စားခွင့်ရရှိနိုင်ရန်အတွက် ကျွန်ုပ်တို့အတွင်း၌ ကြဲထားပြီးသော ဘုရားဆိုင်ရာ မျိုးစေ့ထဲတွင် ပါဝင်သော ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာ သဘောသဘာဝ၏ ဖွံ့ဖြိုးတိုးတက်လာခြင်းကို တွေ့ကြုံခံစားရန် လိုအပ်သည် - ၂ပေ၊၁း၁၊ ၄-၁၁။

3. ဘုရားသခင်၏ သားသမီးများဖြစ်သည့်အားလျော်စွာ ကျွန်ုပ်တို့သည် ဘုရားသခင်မှ မွေးဖွားသော ဘုရား-လူများဖြစ်ကြပြီး၊ ဘုရားသခင်၏ အသက်နှင့် သဘောသဘာဝကို ပိုင်ဆိုင်ထားကာ ဘုရားသခင်၏ မျိုးစိတ်ထဲ၌ ပါဝင်သူများဖြစ်ကြပါသည်။ — ယောဟန် ၁:၁၂-၁၃။

4. ကျွန်ုပ်တို့၏ အသစ်မွေးဖွားခြင်း ခံရချိန်တွင် နောက်ထပ် သဘောသဘာဝတစ်ခုကို ကျွန်ုပ်တို့အတွင်းသို့ ထည့်သွင်းပေးခဲ့ပါသည်။ ၎င်းမှာ ဘုရားသခင်၏ သဘောသဘာဝ သို့မဟုတ် ဘုရားဆိုင်ရာသဘောသဘာဝပင် ဖြစ်ပါသည် - ၂ ပေ ၁:၄။

5. ဘုရားဆိုင်ရာ သဘောသဘာဝကို ပါဝင်ဆက်ဆံရသူသည် ထိုဘုရားဆိုင်ရာ သဘောသဘာဝကို ပျော်မွေ့ခံစားသူနှင့် ထိုဘုရားဆိုင်ရာ သဘောသဘာဝ၌ ပါဝင်ဆက်ဆံသူ ဖြစ်သည် - အငယ်၊၄။

6. အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ပြီး၊ ကိုယ်တော်၏ ဖြစ်ခြင်း၏ ကြွယ်ဝခြင်းများကို ပါဝင်ဆက်ဆံပါက၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သဘောသဘာဝဖြင့် စေ့စပ်ထုံဖွဲ့ခြင်းခံရမည်ဖြစ်ပြီး၊ ကိုးကွယ်ခံဦးခေါင်းအရာ၌ မဟုတ်ဘဲ၊ အသက်နှင့် သဘောသဘာဝ၌ ဘုရားသခင်နှင့် တူညီလာကာ ကျွန်ုပ်တို့၏ ဖြစ်တည်မှုနှင့် လုပ်ဆောင်မှုအားလုံးတွင် ကိုယ်တော်ကို ထင်ရှားခြင်းရှိလာမည် ဖြစ်သည် - အငယ်၊ ၃။

III. သုံးပါးတစ်ပါးဘုရားသခင်သည် ဓမ္မသစ်ကျမ်း၏ ဖွဲ့စည်းတည်ဆောက်ပုံ ဖြစ်သည်။

A. “ငါသည် ဘုရားသခင်၏ ဝိညာဉ်တော်ကို အမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်သည်မှန်လျှင်၊ အကယ်စင်စစ် သင်တို့အပေါ်တွင် ဘုရားသခင်၏ နိုင်ငံတော် တည်ချိန်ရောက်လေပြီ” - မ၊ ၁၂း၂၈။

B. “လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ နာမတော်အထဲသို့ ဗတ္တိဇံကိုပေးကြလော့ -၂၈:၁၉။

C. “ခမည်းတော်သည် ငါ၏နာမ၌ စေလွှတ်တော်မူသော နှစ်သိမ့်ပေးသူတည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသော စကားတို့ကို သတိရ မှတ်မိစေတော်မူလိမ့်မည်” - ယော၊ ၁၄:၂၆။

D. “ခမည်းတော်ထံမှ ထွက်လာသော စစ်မှန်ခြင်း၏ ဝိညာဉ်တော်တည်းဟူသော ခမည်းတော်ထံမှ သင်တို့ဆီသို့ ငါ စေလွှတ်လတံ့သော နှစ်သိမ့်ပေးသူသည် ရောက်လာသောအခါ၊ ထိုသူသည် ငါ၏အကြောင်းကို သက်သေခံလိမ့်မည်” -၁၅:၂၆။

E. “ထိုသို့ ဘုရားသခင်၏ လက်ယာတော်ဘက်သို့ ချီးမြှင့်ခြင်းကို ခံရလျက်၊ ကတိတော်နှင့်ယှဉ်သော သန့်ရှင်းသော ဝိညာဉ်တော်ကို ခမည်းတော်ထံ၌ ခံပြီးဖြစ်၍...” - တ၊၂:၃၃က။

F. “ယေရှုကို သေခြင်းမှ ထမြောက်စေတော်မူသော ဘုရား၏ ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူလျှင်၊ ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူသော ဘုရားသည် သင်တို့အထဲ၌ ကိန်းဝပ်သော မိမိဝိညာဉ်တော်အားဖြင့်၊ သေတတ်သော သင်တို့၏ ကိုယ်ခန္ဓာကိုလည်း အသက်ပေးတော်မူမည်” - ရော၊ ၈:၁၁။

G. “သင်တို့သည် သားဖြစ်ကြသောကြောင့်၊ အဗ္ဗအဖဟု ခေါ်တတ်သော မိမိသားတော်၏ ဝိညာဉ်တော်ကို ကျွန်ုပ်တို့၏ နှလုံးထဲသို့ ဘုရားသခင် စေလွှတ်တော်မူ၏” - ဂလ၊၄:၆။

H. “ကိုယ်တော်၏ ဝိညာဉ်တော်အားဖြင့် သင်တို့၏ အတွင်းလူအထဲသို့ တန်ခိုးတော်နှင့် ခွန်အားမြဲမြံခိုင်ခံ့စေခြင်းငှာ၊ ပေးသနားတော်မူပါစေကြောင်းနှင့်၊ ယုံကြည်ခြင်းအားဖြင့် သင်တို့၏နှလုံးထဲ၌ ခရစ်တော်သည် အိမ်တော် ဆောက်လုပ်မည့် အကြောင်း” - ဧ၊ ၃:၁၆-၁၇က။

I. “ဝိညာဉ်တော် တစ်ဝိညာဉ်တည်း၊ . . . သခင်တစ်ပါး၊ ဘုရားသခင်နှင့် အဖ တစ်ပါးတည်း” - ၄း၄-၆။

J. “ထိုမျှမက၊ အပြစ်ကင်းသော မိမိကိုယ်တော်တိုင်ကို၊ ထာဝရ ဝိညာဉ်တော်အားဖြင့် ဘုရားသခင်ရှေ့၌ တင်လှူပူဇော်သော ခရစ်တော်၏ အသွေးသည်၊ သေခြင်းနှင့် စပ်ဆိုင်သောအကျင့်ကို ပယ်ရှင်း၍၊ အသက်ရှင်တော်မူသော ဘုရားသခင်ကို အစေခံမည် အကြောင်း၊ ငါတို့၏ ဩတ္တပ္ပစိတ်ကို စင်ကြယ်စေခြင်းငှာ သာ၍ တတ်နိုင်တော်မူသည် မဟုတ်လော” - ဟေဗြ၊ ၉း၁၄။

K. “ယေရှုခရစ်၏အသွေးတော်ကို နာခံခြင်းနှင့် ထိုအသွေးတော်၏ ပက်ဖျန်းခြင်းခံရမည်အကြောင်း၊ ဝိညာဉ်တော်၏ သန့်ရှင်းစင်ကြယ်စေခြင်း၌ ခမည်းတော်ဘုရား၏ ရွေးမဆွကသိတော်မူသည်အတိုင်း၊ ရွေးချယ်တော်မူသော ...”- ၁ပေ၊၁း၂က။

L. “ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် ပစ္စုပ္ပန်၊ အတိတ်ကာလ အစဉ် ရှိတော်မူ၍၊ ကြွလာတော်မူမည့်သူဖြစ်သော ဘုရားသခင့်အထံတော်မှလည်းကောင်း၊ ပလ္လင်တော်ရှေ့၌ရှိသော ဝိညာဉ်တော်ခုနစ်ပါး အထံတော်မှလည်းကောင်း၊ သစ္စာစောင့်သော သက်သေခံဖြစ်တော်မူထသော၊ သေသောသူတို့တွင် သားဦးဖြစ်တော်မူထသော၊ လောကီဘုရင်တို့ကို အုပ်စိုးတော်မူသော ယေရှုခရစ် အထံတော်မှလည်းကောင်း သင်တို့၌ သက်ရောက်ပါစေသော” - ဗျာ၊၁း၄ခ-၅က။

IV. ဘုရားသခင်သည် မိမိကိုယ်ကို ကွယ်ဝှက်ထားတတ်သော ဘုရားသခင် - ကွယ်ဝှက်တော်မူသော ဘုရားသခင် ဖြစ်တော်မူသည်။

A. “အမှန်စင်စစ် ကိုယ်တော်သည် ကိုယ်ကိုထင်ရှားစွာ ပြတော်မမူသော ဘုရားသခင် ဖြစ်တော်မူ၏။ / အို အစ္စရေး၏ ဘုရားသခင် ကယ်တင်ရှင်” - ၄၅း၁၅။

1. ကျွန်ုပ်တို့၏ ဘုရားသခင်သည် အနှံ့အပြား တည်ရှိတော်မူသောအရှင်၊ အနန္တတန်ခိုးနှင့် ပြည့်စုံသောအရှင်နှင့် ခွင့်လွှတ်ခြင်းမေတ္တာနှင့် ပြည့်စုံသောအရှင် ဖြစ်တော်မူသော်လည်း၊ ဧသေတာဝတ္ထုတွင် ညွှန်ပြထားသည့်အတိုင်း ကိုယ်တော်သည် မိမိကိုယ်ကို ကွယ်ဝှက်ထားတတ်သော ဘုရားသခင် လည်း ဖြစ်တော်မူ၏။ - ၄း၁၄။
2. ဘုရားသခင်သည် စကြဝဠာကြီးကို ဖန်ဆင်းတော်မူပြီးနောက်၊ ကိုယ်တော်ကို မည်သည့်နေရာတွင် ရှာဖွေရမည်ကို ကျွန်ုပ်တို့ မသိနိုင်လောက်အောင်ပင် ထိုစကြဝဠာ၌ မိမိကိုယ်ကို ကွယ်ဝှက်ထားတော်မူ၏။ - ယောဘ၊ ၂၃:၃။
3. ဘုရားသခင်သည် အစ္စရေအမျိုးသားတို့၏ အလယ်၌လည်းကောင်း၊ သူတို့၏ တစ်ဦးချင်းစီသော ဘဝအသက်တာထဲ၌ လည်းကောင်း ရေတွက်၍မကုန်နိုင်သော အမှုအရာတို့ကို ပြုတော်မူခဲ့သော်လည်း မိမိကိုယ်ကို ဖုံးကွယ်ထားတော်မူသည်။ ကိုယ်တော်သည် မရပ်မနား လုပ်ဆောင်နေသော်လည်း၊ အစဉ်အမြဲပင် ကွယ်ဝှက်နေတော်မူ၏။ - ဟေရှာယ၊ ၄၅:၁၅။
4. ကျွန်ုပ်တို့ အစေခံနေသော အနန္တတန်ခိုးရှင် ဘုရားသခင်သည် အထူးသဖြင့် ကျွန်ုပ်တို့ကို ကူညီမစနေသည့် အချိန်မျိုးတွင်ပင် မိမိကိုယ်ကို ဆက်လက်ကွယ်ဝှက်ထားတတ်ကြောင်းကို ကျွန်ုပ်တို့ သဘောပေါက်နားလည်ရန် လိုအပ်သည် - ယော၊၁၃:၂၆။ ရော၊ ၈:၂၈။

5. မိမိကိုယ်ကို ကွယ်ပှက်ထားတော်မူသော ထိုဘုရားသခင်သည် ကျွန်ုပ်တို့၏ အတွင်းစိတ်နှလုံးထဲ၌ တိတ်ဆိတ်စွာဖြင့်၊ သို့သော် အားကြီးသောတန်ခိုးဖြင့် ပြုပြင်လုပ်ဆောင်နေတော်မူ၏ - ဖိ၊ ၂:၁၃။

B. လုကာ ၁၈:၁-၈ ပါ ပုံပမာ၏ အရေးပါပုံမှာ အလွန်နက်နဲလှပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို "ကွယ်ပှက်တော်မူသောဘုရား" အဖြစ် ဖွင့်ပြသည့်အတိုင်း သိရှိနားလည်ရန် လိုအပ်သည်။

1. အငယ် ၃ ရှိ၊ မုဆိုးမသည် ယုံကြည်သူများကို ပုံဆောင်ပါသည်။ တစ်နည်းအားဖြင့် ခရစ်တော်၌ရှိသော ယုံကြည်သူများသည် ယခုခေတ်ကာလတွင် မုဆိုးမနှင့်တူကြ၏။ အကြောင်းမှာ သူတို့၏ ခင်ပွန်းဖြစ်သူ ခရစ်တော်သည် သူတို့နှင့်အတူ ရှိမနေဘဲ ကွယ်ပျောက်နေသကဲ့သို့ ထင်မှတ်ရသောကြောင့် ဖြစ်သည် - ၂ကော၊ ၁၁:၂။
2. ပုံပမာထဲရှိ မုဆိုးမသည် မတရားသော တရားသူကြီးထံသို့ အဖန်တလဲလဲလာ၍ မိမိ၏ ရန်သူကို လက်စားချေပေးပါရန် တောင်းဆိုခဲ့သည်။ ကျွန်ုပ်တို့သည်လည်း စိတ်မပျက်ဘဲ ဤကဲ့သို့ တရားစီရင်ပေးပါရန် ဇွဲထက်သန်စွာ ဆုတောင်းသင့်သည် - လု၊ ၁၈:၁၊ ၃။
   a. ကျွန်ုပ်တို့၏ ခင်ပွန်းသည် ကွယ်ပျောက်နေသကဲ့သို့ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ဤလောကၘ မုဆိုးမတစ်ဦးကဲ့သို့ ကျန်ရစ်နေခြိန်တွင်၊ ယာယီအားဖြင့် ကျွန်ုပ်တို့၏ ဘုရားသခင်သည် မတရားသော တရားသူကြီးတစ်ဦးကဲ့သို့ ထင်မှတ်ရပေမည် - အငယ် ၆။
   b. ကိုယ်တော်သည် မတရားသောအရှင်ကဲ့သို့ ထင်ရသော်လည်း၊ ကျွန်ုပ်တို့သည် ကိုယ်တော်ထံသို့သာ ဆက်လက်အယူခံဝင်ရမည်၊ ဇွဲလုံ့လဖြင့် ဆုတောင်းရမည်ဖြစ်ပြီး၊ ထပ်ခါတလဲလဲ အသနားခံရမည်ဖြစ်သည်။ အကြောင်းမှာ ကိုယ်တော်သည် "နေ့ညမပြတ် အော်ဟစ်နေသော" မိမိရွေးကောက်ထားသူများအတွက် အလျင်အမြန်ပင် တရားစီရင်ပေးမည် ဖြစ်သောကြောင့် ဖြစ်သည် - အငယ်၊၇-၈က။
3. “လူသားတော်သည် ကြွလာသောအခါ၊ ယုံကြည်ခြင်းကို မြေကြီးပေါ်မှာ တွေ့မည်လော” - အငယ်၊၈ခ။
   a. တိုက်ရိုက်အနက်အရ "ယုံကြည်ခြင်း"ဟု ပြန်ဆိုထားသော ဂရိစကားလုံးမှာ "ထိုယုံကြည်ခြင်း"ကို ဆိုလိုသည်။ ၎င်းမှာ မုဆိုးမကဲ့သို့ ဇွဲရှိသောဆုတောင်းခြင်းအတွက် လိုအပ်သည့် ဇွဲရှိသောယုံကြည်ခြင်းကို ရည်ညွှန်းသည်။
   b. ကျွန်ုပ်တို့ကို ကယ်တင်ခြင်းသို့ ရောက်စေသော ယုံကြည်ခြင်းသည် ယုံကြည်ခြင်း၏ အစဦးအဆင့်သာ ဖြစ်သည်။ ကျွန်ုပ်တို့ကို ခရစ်တော်နှင့် အသက်ရှင်ခြင်းၭ တစ်လုံးတစ်ဝတည်း ဖြစ်စေသော ယုံကြည်ခြင်းမှာမူ "ချိတ်ဆက်ပေးသောယုံကြည်ခြင်း - ကျွန်ုပ်တို့က သုံးပါးတစ်ပါးဘုရားနှင့် အစဉ်မပြတ် ဆက်သွယ်မိသဟာယဖွဲ့ခြင်းအားဖြင့် ကျွန်ုပ်တို့အတွင်းသို့ စီးဝင်လာသော ယုံကြည်ခြင်းဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားတော်ကို အမှီပြု၍ အသက်ရှင်ကြမည်ဖြစ်သည် - ရော၊၁း၁၇။ ဂလ၊၂း၂၀။ယော၊ ၁၄:၁၉။
   c. ချိတ်ဆက်ပေးသော ယုံကြည်ခြင်းသည် ခရစ်တော် အောင်ပွဲခံလျက် ပြန်လည်ကြွလာချိန်တွင် အောင်မြင်သော သူများအတွက် ဘုရားသခင် သတ်မှတ်ထားသော ဝိညာဉ်ရေးရာ လိုအပ်ချက်ဖြစ်သည် - လု၊ ၁၈:၈(ခ)။
      (1) ချိတ်ဆက်ပေးသော ယုံကြည်ခြင်းဆိုသည်မှာ သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့အတွင်းၭ လှုပ်ရှားလျက်၊ ကိုယ်တော်၏ စုံစမ်း၍မကုန်နိုင်သော ကြွယ်ဝခြင်းများနှင့် ကျွန်ုပ်တို့ကို ချိတ်ဆက်ပေးခြင်း ဖြစ်သည် - ဧ၊ ၃:၈။
      (2) ချိတ်ဆက်ပေးသော ယုံကြည်ခြင်းဆိုသည်မှာ မိမိကိုယ်ကို ယုံကြည်ကိုးစားခြင်းမရှိဘဲ ဘုရားသခင်ကိုသာ ကိုးစားသော ယုံကြည်သူတို့၏ ယုံကြည်ခြင်းဖြစ်သည် - ၂ကော၊ ၁:၉။
      (3) သခင်ယေရှု ပြန်လည်ကြွလာသောအခါ၊ ဤချိတ်ဆက်ပေးသော ယုံကြည်ခြင်းဖြင့် အသက်ရှင်နေကြသော အောင်မြင်သူအချို့ကို တွေ့ရှိလိမ့်မည်။ ကိုယ်တော်သည် သူတို့အား အနှစ်တစ်ထောင် အုပ်စိုးမည့် နိုင်ငံတော်အတွက် အဖိုးတန်များအဖြစ် မှတ်ယူတော်မူလိမ့်မည် - လု၊ ၁၈:၈(ခ)။ ဗျာ၊ ၂၀:၄၊ ၆။

© 2026 Living Stream Ministry